
## ၄။ စစ်ဆေးအကဲဖြတ်ခြင်း

စစ်ဆေးအကဲဖြတ်ခြင်းတွင် ကလေးများ၏သိမှုအဆင့်၊ နားလည်မှုအဆင့်နှင့် တန်ဖိုးထားမှုများကိုသိရှိနိုင်ရန် သင်ကြားသင်ယူမှုဖြစ်စဉ်အတွင်း ကြည့်ရှုလေ့လာခြင်း၊ မေးမြန်းဆွေးနွေးခြင်း၊ ဆီလျော်သည့်ဆွေးနွေးမှုရလဒ်များကို ဖော်ပြရေးသားစေခြင်းတို့ကို အသုံးပြုနိုင်ပါသည်။ စာရိတ္တနှင့်ပြည်သူ့နီတိကျင့်ဝတ်တန်ဖိုးများကို စစ်ဆေးတိုင်းတာရန် မလွယ်ကူသော်လည်း ကလေးများ၏သင်ယူမှုကို သိမှုနယ်ပယ်အဆင့်အလိုက် စဉ်ဆက်မပြတ် အကဲဖြတ်ပြီး သင်ယူမှုဖြစ်မြောက်အောင် ကူညီပံ့ပိုးပေးရမည်ဖြစ်ပါသည်။ ထိုသို့ ကူညီပံ့ပိုးပေးရာတွင် မေးခွန်းမေးခြင်း၊ အချင်းချင်းဆွေးနွေးစေခြင်း၊ သရုပ်ဖော်ပုံများကို ကြည့်ရှုလေ့လာစေပြီး နားလည်သဘောပေါက်မှု တည်ဆောက်ပေးခြင်း၊ ပုံပြင်ဇာတ်လမ်း၊ တေးကဗျာနှင့် ဖြစ်ရပ်နမူနာများမှ စာရိတ္တတန်ဖိုးများရရှိစေခြင်း၊ သင်ခန်းစာမှရရှိသော စာရိတ္တဆိုင်ရာတန်ဖိုးများကို ပြန်လည်အသုံးပြု၍ ကိုယ်တိုင်စဉ်းစားဖြေဆိုစေခြင်း၊ လက်တွေ့လိုက်နာကျင့်သုံးမည့်အပြုအမူနှင့် အလေ့အကျင့်ကောင်းများကို သရုပ်ပြစေခြင်း စသည့်လုပ်ငန်းများကို အသုံးပြုရပါမည်။ ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသော မေးခွန်းများသည် စစ်ဆေးအကဲဖြတ်ခြင်းအတွက် နမူနာမျှသာဖြစ်ပါသည်။ သင်ခန်းစာဦးတည်ချက်နှင့် သင်ယူမှုတန်ဖိုးများကို အထောက်အကူပြုသည့်အခြားမေးခွန်းနှင့်လုပ်ငန်းများကိုလည်း ဆီလျော်သလိုထည့်သွင်းအသုံးပြုနိုင်ပါသည်။ သို့ရာတွင် အကြောင်းအရာအချက်အလက်မှတ်မိခြင်းကို ဦးစားမပေးဘဲ စာရိတ္တနှင့်ပြည်သူ့နီတိကျင့်ဝတ်တန်ဖိုးများကို နားလည်သဘောပေါက်ခြင်းနှင့် ပူးပေါင်းပါဝင်လုပ်ဆောင်ရာတွင် အပြုအမူနှင့်အလေ့အကျင့်များ တိုးတက်ပြောင်းလဲလာမှုအပေါ် အလေးပေး၍ စစ်ဆေးအကဲဖြတ်ရပါမည်။ စစ်ဆေးအကဲဖြတ်ရာတွင် ကလေးများ၏ဖြေဆိုမှုနှင့် ပါဝင်လုပ်ဆောင်မှုအပေါ် အဆင့်သတ်မှတ်ပေးခြင်း၊ အမှတ်ပေးခြင်းတို့ကို မပြုလုပ်ရပါ။ ကလေးများသည် မည်သို့ပါဝင်လုပ်ဆောင်ပြီး မည်သည့်တန်ဖိုးထားမှုများ သင်ယူရရှိနေသည်ကိုသာ စစ်ဆေးအကဲဖြတ်ရပါမည်။ သင်ခန်းစာ၏ဦးတည်ချက်နှင့် လွဲချော်နေပါက သင်ယူမှုကို ပြန်လည်ထင်ဟပ်စဉ်းစားနိုင်ရန် သုံးသပ်ချက်ပေး၍ တည့်မတ်ပေးရပါမည်။

ကလေးများအတွက် စာရိတ္တနှင့်ပြည်သူ့နီတိကျင့်ဝတ်တန်ဖိုးနှင့် အခြေခံအလေ့အကျင့်ကောင်းများရရှိသွားအောင် နေ့စဉ်သင်ယူမှုသည် အထူးအရေးကြီးပါသည်။ ကလေးတစ်ဦးချင်းစီသည် မည်သည့်စာရိတ္တတန်ဖိုးကို မည်မျှရရှိသွားသည်ဟူသောအချက်မှာ အဓိကအချက်ဖြစ်သည်။ ကလေးများ၏တွေးတောစဉ်းစားဖြေဆိုမှုသည် မျှော်မှန်းထားသည့် သင်ယူမှုတန်ဖိုးနှင့် ကိုက်ညီမှုရှိသည် မရှိသည်၊ ကလေးတစ်ဦးချင်းစီသည် အပြုအမူအလေ့အကျင့်ကောင်းများ ရှိသည် မရှိသည်ကို ဦးစားပေး၍ စစ်ဆေးအကဲဖြတ်ရပါမည်။


အောက်တွင်ဖော်ပြထားသော သိမှုဖြစ်စဉ်ပြပုံသည် စာရိတ္တနှင့်ပြည်သူ့နီတိသင်ကြားရမည့် ဆရာများအတွက် စစ်ဆေးအကဲဖြတ်ရာ၌ အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ပါသည်။

### (၄.၁) သိမှုဖြစ်စဉ်ပြပုံ




DBE Box

ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသော မေးခွန်းများသည် စစ်ဆေးအကဲဖြတ်ခြင်းအတွက် နမူနာမျှသာဖြစ်သည်။ ကလေး တစ်ဦးချင်းစီသည် မိမိသင်ယူရရှိထားသော စာရိတ္တတန်ဖိုးများကို စာသင်ခန်းထဲရှိ အခြေအနေတစ်ရပ်ရပ်တွင်ဖြစ်စေ၊ အများနှင့် ပူးပေါင်းလုပ်ဆောင်ရသည့် လုပ်ငန်းတွင်ဖြစ်စေ၊ အိမ်၌ဖြစ်စေ၊ ကျောင်း၌ဖြစ်စေ ပြန်လည်အသုံးပြုခြင်း ရှိ မရှိကို စစ်ဆေးအကဲဖြတ်ရန်လည်းလိုအပ်ပါသည်။ ကလေးများ၏စာရိတ္တဆိုင်ရာတန်ဖိုးထားမှု၊ အပြုအမူနှင့် စိတ်နေသဘောထားကို စစ်ဆေးအကဲဖြတ်နိုင်ရန် သင်ယူနေစဉ်နှင့် သင်ယူအပြီးတွင် စစ်ဆေးအကဲဖြတ်ရမည့်နမူနာပုံစံ တစ်ခုစီကို ဖော်ပြပါသည်။




## (၄.၂) Rubric Type ဖြင့် စစ်ဆေးအကဲဖြတ်ရန်နမူနာပုံစံ – သင်ခန်းစာ(၁)မျှတသူလေးများ

မျှတမှုကို လက်တွေ့ကျင့်သုံးရန် စိတ်ကူးပုံဖော်ဆွေးနွေးခြင်းလုပ်ငန်း။

| စစ်ဆေးမည့်အချက်များ | အလွန်ကောင်း | ကောင်း | ထပ်မံကြိုးစားရန် |
|---|---|---|---|
| ကျောင်းတွင်ကြုံတွေ့ဖူးသည့် မျှတခြင်းများ(အသိပညာ) | ကျောင်းတွင်ကြုံတွေ့ရသည့် မျှတခြင်းနှင့်ပတ်သက်၍ အချက် ၃ ချက် ထက်ပို၍ပြောပြနိုင်သည်။ | ကျောင်းတွင်ကြုံတွေ့ရသည့် မျှတခြင်းနှင့်ပတ်သက်၍ အချက် ၃ ချက် ပြောပြနိုင်သည်။ | ကျောင်းတွင်ကြုံတွေ့ရသည့် မျှတခြင်းနှင့်ပတ်သက်၍ အချက် ၃ ချက် အောက် ပြောပြနိုင်သည်။ |
| အိမ်တွင်ကြုံတွေ့ဖူးသည့် မျှတခြင်းများ(အသိပညာ) | အိမ်တွင်ကြုံတွေ့ရသည့်မျှတခြင်းနှင့်ပတ်သက်၍အချက် ၃ ချက် ထက်ပို၍ပြောပြနိုင်သည်။ | အိမ်တွင်ကြုံတွေ့ရသည့် မျှတခြင်းနှင့်ပတ်သက်၍ အချက် ၃ ချက် ပြောပြနိုင်သည်။ | အိမ်တွင်ကြုံတွေ့ရသည့် မျှတခြင်းနှင့်ပတ်သက်၍ အချက် ၃ ချက် အောက် ပြောပြနိုင်သည်။ |
| မျှတခြင်းအတွက် အပြုအမူများ(ကျွမ်းကျင်မှု) | အခြားသူများ၏ဆွေးနွေးမှုကို သေချာနားထောင်၍မျှတမှုကို ကျင့်သုံးမည့် မိမိ၏အပြုအမူကို ကောင်းစွာသိရှိနားလည် သွားအောင် ပါဝင်ဆွေးနွေး ပြောပြနိုင်သည်။ | အခြားသူများ၏ဆွေးနွေးမှုကို နားထောင်၍ မျှတမှုကို ကျင့်သုံးမည့် မိမိ၏အပြုအမူကို ပါဝင်ဆွေးနွေး ပြောပြနိုင်သည်။ | အခြားသူများ၏ဆွေးနွေးမှုကို ဂရုတစိုက်နားမထောင်ဘဲ မျှတမှုကိုကျင့်သုံးမည့် မိမိ၏အပြုအမူကို ပါဝင် ဆွေးနွေးပြောပြနိုင်မှု အားနည်းသည်။ |
| မျှတခြင်းအပေါ်တွင် သင့် အမြင်သဘောထား (သဘောထား) | ကလေးများ၏အဖြေတွင် မျှတခြင်းသည် အလွန်ကောင်းမွန်သော ကြောင့် သူငယ်ချင်းအချင်းချင်း တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် မျှမျှတတနေထိုင်မည့် အမြင် သဘောထားများပါဝင်သည်။ | ကလေးများ၏အဖြေတွင် သူငယ်ချင်း အချင်းချင်း တစ်ဦးနှင့် တစ်ဦး ချစ်ချစ်ခင်ခင် မျှမျှတတ နေထိုင်မည့် အမြင်သဘောထားများပါဝင်သည်။ | ကလေးများ၏အဖြေတွင် သူငယ်ချင်းအချင်းချင်း တစ်ဦးနှင့်တစ်ဦး ချစ်ချစ် ခင်ခင် မျှမျှတတ နေထိုင်မည့် အမြင်သဘောထားများ ပါဝင်မှုအားနည်းသည်။ |

DREBOX

## (၄.၃) Item Type ဖြင့် စစ်ဆေးအကဲဖြတ်ခြင်း သင်ခန်းစာ(၉)ကျရာနေရာ တာဝန်ကျေပါ

| | |
|---|---|
| စတုတ္ထတန်း | စာရိတ္တနှင့်ပြည်သူ့နီတိ |
| သင်ခန်းစာ | အခန်း(၉) |
| သင်ယူမှုဦးတည်ချက် | ရပ်ကွက် ကျေးရွာအတွင်း မိမိအခန်းကဏ္ဍနှင့်တာဝန်ကိုသိရှိနားလည်ရန်။ |

| | |
|---|---|
| သိမှုအဆင့် | မှတ်မိခြင်း |
| မေးခွန်းပုံစံ | နှုတ်မေးနှုတ်ဖြေ(အဖွင့်မေးခွန်း) |
| **မေးခွန်း** | **စစ်ဆေးအကဲဖြတ်ရမည့် စံသတ်မှတ်ချက်များ** |
| သင်နှင့် သင့်အိမ်နီးချင်းများက အိမ်အနီးဝန်းကျင် အိမ်ရှေ့လမ်းနှင့် ရပ်ကွက် သန့်ရှင်းသာယာလှပရေးအတွက် မည်သည်တို့ကို လုပ်ဆောင်ပေးဖူးပါသနည်း။ | ရပ်ကွက်သန့်ရှင်းသာယာလှပရေးအတွက် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ အခါအားလျော်စွာ ဆောင်ရွက်ကြသည်ဟူသော အဖြေများ။<br>အမြဲဂရုစိုက်၍ဆောင်ရွက်သည်ဟူသောအဖြေများ။ |

| | |
|---|---|
| သိမှုအဆင့် | နားလည်သဘောပေါက်ခြင်း |
| မေးခွန်းပုံစံ | နှုတ်မေးနှုတ်ဖြေ(အဖွင့်မေးခွန်း) |
| **မေးခွန်း** | **စစ်ဆေးအကဲဖြတ်ရမည့် စံသတ်မှတ်ချက်များ** |
| ဦးချမ်းအေး၏ကားကို ခရီးသည်များက အဘယ်ကြောင့် အားကိုး၍ စီးနင်းကြပါသနည်း။ | ဦးချမ်းအေး၏တာဝန်ကျေပွန်မှုကို နားလည်သဘောပေါက်သည်ဟူသော ထင်မြင်ယူဆချက်များပါဝင်သော အဖြေများ။<br>ဦးချမ်းအေး၏တာဝန်ကျေပွန်မှုကြောင့် လူအများ၏ယုံကြည်မှုကို ရရှိသည်ဟူသောအဖြေများ။ |

| | |
|---|---|
| သိမှုအဆင့် | အသုံးချခြင်း |
| မေးခွန်းပုံစံ | နှုတ်မေးနှုတ်ဖြေ(အဖွင့်မေးခွန်း) |
| **မေးခွန်း** | **စစ်ဆေးအကဲဖြတ်ရမည့် စံသတ်မှတ်ချက်များ** |
| သင့်ရပ်ကွက်၊ ကျေးရွာတွင် တာဝန်ကျေပွန်သူတစ်ဦးအဖြစ် သင် မည်သို့လုပ်ဆောင်မည်နည်း။ | ရပ်ကွက်ကျေးရွာအတွင်း လုပ်ဆောင်နိုင်သည့် အခန်းကဏ္ဍနှင့်လျော်ညီသော တာဝန်ဝတ္တရားများ အဖြေတွင် ပါဝင်ခြင်း။<br>. . . . ပြည့်စုံစွာ ပါဝင်ခြင်း။ |

DBE BOX